
Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org

# ယေရှုသည် မုန်တိုင်းကို ငြိမ်စေသည် 4.07

## ရှင်မာကုခရစ်ဝင်ကျမ်း ၄း၃၅-၄၁

တစ်နေ့မှာ ယေရှုက တစ်နေကုန်ဆုံးမသြဝါဒပေးနေတယ်။ ယေရှုပြောပြတဲ့ပုံပြင်တွေကိုနားထောင်ပြီး ဘုရားကို ကျေနပ်စေတဲ့အသက် တာတွေဘယ်လိုရှင်သန်ရမလဲဆိုတာကို ယေရှုဆီကနေသင်ယူဖို့ လူတွေအများကြီးက စောင့်နေကြသေးတယ်။ ဒီနေ့မှာ ယေရှုက ပင်လယ်နားမှာ နောက်တစ်ကြိမ်ဆုံးမသြဝါဒပေးပြန်တယ်။ လူတွေအများကြီးက ယေရှုပြောစကားကို ကြားချင်ကြတဲ့အတွက်၊ လူတိုင်းယေရှုကိုမြင်ပြီးသူပြောတာတွေကြားရဖို့ ယေရှုလှေပေါ်တက်ရတယ်။ ဒါဟာ လှေပေါ်ကိုတက်ပြီးစကားပြောရတဲ့ ပထမဆုံး အကြိမ်မဟုတ်ဘူး။ အဲ့နေ့မှာ လူတွေကို ပုံပြင်အများကြီးပြောဖို့ရှိတယ်။ ယေရှုက ပုံပြင်တွေပြောပြတဲ့အချိန်မှာ လူတွေအားလုံးနား ထောင်ရင် နားလည်အောင် ရှင်းရှင်းလင်းလင်း ပြောလေ့ရှိတယ်။ သူ့ရဲ့သင်ခန်းစာတွေက သူတို့အတွက်နားလည်ရခက်မယ့် သင်ခန်း စာမျိုးမဖြစ်စေချင်ခဲ့ဘူး။

နောက်တော့ ယေရှုက သူ့တပည့်တော်တွေနဲ့ပဲရှိနေတဲ့အချိန်မှာ ပုံပြင်တွေကို နောက်တစ်ကြိမ်ပြန်ပြောပြတယ်၊ ဒါပေမယ့် ပိုအသေး စိတ်ကျတဲ့အချက်တွေနဲ့ သူတို့ကို ရှင်းပြတယ်။ ဘာလို့လဲဆိုတော့ သူတို့က ယေရှုဘယ်သွားသွား ယေရှု နောက်လိုက်ကြလို့ပဲ။ သူတို့ဟာ ယေရှုပုံပြင်ပြောပြတာတွေ၊ ဆုံးမသြဝါဒပေးတာတွေအများကြီးကို ကြားရတယ်။ သူတို့ဟာ ယေရှုပြောတဲ့အရာတွေကို ပိုပြီးလေးလေး နက်နက်နားလည်နိုင်ကြတယ်။ နောက်ပိုင်း အဲဒီနေ့မိုးချုပ်သွားပြီးတဲ့အချိန်မှာ ယေရှုက “ပင်လယ်တစ်ဖက်ကမ်းကိုကူးကြရအောင်” လို့ သူတို့ကိုပြောခဲ့တယ်။ အဲဒါကြောင့် သူတို့ကယေရှုဆုံးမသြဝါဒပေးခဲ့တဲ့လှေထဲမှာပဲနေပြီး အခြားလှေတွေလည်း လိုက်ပါလာကြတယ်။

သူတို့ပင်လယ်ကူးတဲ့အချိန်မှာ လေတွေအများကြီးတိုက်တဲ့ မုန်တိုင်းအကြီးကြီးကျခဲ့တယ်။ လေတွေကစတိုက်ပြီး ရေထဲမှာ လှိုင်းအကြီး ကြီးတွေဖြစ်ပေါ်လာတယ်။ လှိုင်းကြီးတွေက လှေကို အရှိန်ပြင်းပြင်းနဲ့စတိုက်လာတယ်။ အရမ်းအန္တရာယ် ကြီးတယ်လို့ထင်ရတယ်နော်။ လှေတောင်မြှုပ်သွားနိုင်တယ်။ ဒါဟာ တပည့်တော်တွေကိုကြောက်ရွံ့စေတယ်။ အဲဒါနဲ့ တစ်ရေးတစ်မောအရမ်းလိုပြီး ခဏလေးအိပ် နေတဲ့ ယေရှုကို သွားနှိုးတယ်။ သူတို့က ယေရှုကို “ကိုယ်တော်၊ ဒီမုန်တိုင်းကြောင့် မစိုးရိမ်ဘူးလား။ ကျွန်ုပ်တို့ မြှုပ်သွားနိုင်တယ်။” လို့ပြောကြတယ်။

ယေရှုက အိပ်မောကြီးစွာအိပ်စက်နေခဲ့တယ်။ သူဟာ တစ်ရက်လုံးဆုံးမသြဝါဒပေးပြီး အရမ်းပင်ပန်းနေတာပေါ့။ သူဟာ မုန်တိုင်း ကြောင့် စိတ်လုံးဝပူပင်ခြင်းမရှိခဲ့ဘူး။ ဒါပေမယ့် သူ့တပည့်တော်တွေက အိပ်ရာကနေနှိုးတဲ့အတွက်ကြောင့် ယေရှုက မုန်တိုင်းကို စကား ပြောပြီး လေနဲ့လှိုင်းတွေကို ငြိမ်သက်ဖို့ ပြောဆိုခဲ့တယ်။ ယေရှုက “တိတ်ဆိတ် ငြိမ်သက်စွာနေလော့” လို့ ပြောခဲ့တယ်။ ယေရှုအဲ့လို ပြောလိုက်တာနဲ့တစ်ပြိုက်နက်တည်း လေကငြိမ်သက်သွားတယ်။ အရာအားလုံးက နောက်တစ်ကြိမ်ပြန်ပြီးငြိမ်သက်သွားတယ်။ ယေရှု က တပည့်တော်တွေဆီကိုလှည့်ပြီး “ဘာကြောင့် အရမ်းကြောက်နေခဲ့တာလဲ။ ဘာကြောင့်ယုံကြည်ခြင်းမရှိကြဘူးလဲ” လို့ ပြောဆိုခဲ့ တယ်။

တပည့်တော်တွေဟာ သူတို့မြင်တွေ့ခဲ့ရတဲ့အရာတွေကို အံ့သြကြပြီး ပိုမိုကြောက်ရွံ့လာကြတယ်။ သူတို့က “ဒါဘယ်သူလဲ? လေနဲ့လှိုင်း တွေကတောင်သူ့စကားကို နာခံကြတယ်။” လို့ အချင်းချင်းပြောဆိုကြတယ်။ သူတို့တွေဟာ ယေရှုပြုခဲ့တဲ့တခြားအံ့သြဖွယ်ရာ နိမိတ် လက္ခဏာတွေကို မြင်ခဲ့ကြပေမည့်လည်း လေနဲ့လှိုင်းတွေ သူ့စကားနားထောင်ပြီးနာခံတာကို မျက်မြင်တွေ့ရတာဟာ သူတို့အတွက် အလွန်ထူးခြားတဲ့အရာပဲဖြစ်တယ်။ အဲ့အချိန်မှာသူတို့တွေဟာ ယေရှုက သဘာဝတရားတွေထက်တောင်ပိုမိုတန်ခိုးကြီးတယ်ဆိုတာ သိလာကြတယ်။

# ယေရှုသည် မုန်တိုင်းကို ငြိမ်စေသည် - ဆရာလမ်းညွှန် 4.07

# ရှင်မာကုခရစ်ဝင်ကျမ်း ၄း၃၅-၄၁

အဓိကအချက်များ

1) ယေရှုက တစ်နေ့လုံး ဆုံးမသြဝါဒတွေပေးပြီး ပုံပြင်တွေကို ပြောနေခဲ့တယ်။ သူဟာ ပုံပြင်တွေအများကြီးကို ပြောခဲ့တယ်။ တစ်နေ ကုန်အလုပ်များတဲ့အချိန်မှာ ဘယ်လိုခံစားရတယ်ဆိုတာသိမှာပေါ့။ အမေနဲ့အဖေ တစ်နေကုန် အလုပ်လုပ်ပြီးရင် ဘယ်လိုခံစားရ လဲဆိုတာသိတယ်မဟုတ်လား? အချိန်တော်တော်များများမှာ လူတစ်ယောက်ဟာ အရမ်းပင်ပန်းပြီဆိုရင် သူတို့ဟာ တစ်ရေးတစ် မောအိပ်စက်အနားယူဖို့လိုပါတယ်။

2) ယေရှုက သူပြောခဲ့တဲ့အရာတွေကို ပြန်ပြောပြီး သူ့တပည့်တော်တွေကို ပုံပြင်ပြန်ပြောပြခဲ့တယ်။ အဲဒီပုံပြင်တွေထဲက သူတို့ဘာ တွေသင်ယူနိုင်မလဲဆိုတာကို ပိုမိုတိကျတဲ့အချက်အလက်တွေနဲ့ရှင်းပြခဲ့တယ်။

3) မိုးချုပ်သွားတဲ့အချိန်မှာ၊ သူတို့ဟာ သူတို့ရှိနေခဲ့တဲ့လှေနဲ့ ပင်လယ်တစ်ဖက်ကမ်းကူးဖို့ သွားကြတယ်။ နောက်တော့ မုန်တိုင်း အကြီးကြီးကျခဲ့တယ်။ မုန်တိုင်းအကြီးကြီးကျတဲ့အချိန်မှာ ရှိဖူးလား? မိုးအကြီးကြီးရွာပြီး လေတွေတိုက်တာအရမ်းကြမ်းတော့ အရမ်းတုန်လှုပ်စရာကောင်းခဲ့လား?

4) ယေရှုကအိပ်ပျော်နေတယ်။ ဒါပေမယ့် သူ့တပည့်တော်တွေက နိုးနေပြီး သူတို့ဟာ မုန်တိုင်းအကြီးကြီးကျတော့ အရမ်းကြောက်ရွံ့ တုန်လှုပ်နေခဲ့တယ်။

5) ယေရှုက လေနဲ့လှိုင်းတွေကို စကားပြောတော့ သူတို့က ယေရှုစကားကို နာခံကြတယ်။ ချက်ချင်းပဲ မုန်တိုင်းရပ်သွားခဲ့တယ်။ ရေတွေငြိမ်သက်ပြီးလေတွေတိုက်ရာကနေရပ်တန့်သွားခဲ့တယ်။

မေးခွန်းများ

1) ဒီနေ့မှာ ယေရှုကဘာလို့ပင်ပန်းနေခဲ့တာလဲ?
2) ယေရှုနဲ့သူ့တပည့်တော်တွေက လှေနဲ့ ဘယ်နေရာကိုသွားကြတာလဲ?
3) မုန်တိုင်းအကြီးကြီးစကျတော့ ယေရှုက ဘာလုပ်နေခဲ့လဲ?
4) တပည့်တော်တွေ ဘယ်လိုခံစားရကြလဲ?
5) ယေရှုက မုန်တိုင်းကိုငြိမ်သက်စေပြီးနောက်ပိုင်းမှာ တပည့်တော်တွေက ဘယ်လိုခံစားရကြလဲ?

အဖြေများ

1) ယေရှုက တစ်နေကုန် လူတွေကို ဆုံးမသြဝါဒပေးနေခဲ့တယ်။
2) သူတို့တွေဟာ ပင်လယ်တစ်ဖက်ကမ်းကို သွားနေကြပါတယ်။
3) ယေရှုက အိပ်ပျော်နေခဲ့ပါတယ်။
4) တပည့်တော်တွေက ကြောက်ရွံ့တုန်လှုပ်နေခဲ့ပါတယ်။
5) တပည့်တော်တွေက လေနဲ့လှိုင်းလုံးတွေ၊ သဘာဝတရားကြီးကတောင် ယေရှုကို နားထောင်ပြီးနာခံကြတော့ အရမ်းအံ့သြသွား ကြတယ်။


Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org